**သမန်းမြက်**


Scientific name - *Leersia hexandra* Swartz

Common name - Southern cut grass

Family - Poaceae








အပင်ပုံသဏ္ဍာန်

နှစ်ရှည်ခံပင်မျိုးဖြစ်ပြီး မညီမညာပြန့်ကြဲလျက်ပေါက်သည်။ ရေထဲ၌ ပေါက်သောအပင်မျိုးဖြစ်၍ ရှည်လျားသောမြေအောက်ပင်စည်များ ရှိသည်။ အဆစ်များမှ အမြစ်ထွက်သည်။ ပင်စည်လုံးဝန်း၍ အောက်ခြေပိုင်းမှကိုင်းဖြာသည်။ အရွက်သည် ရှည်မျောမျောလုံသွားပုံရှိပြီး အဆစ်များတွင် အမွေးကြမ်းများ ရှိသည်။ ရွက်လယ်ကြော ဆူးပါပြီး ရွက်နားသည် ခေးသွားကဲ့သို့ အရေပြားကို ထိရှစေနိုင်သည်။ ပန်းခိုင်သည် ထိပ်ထွက်ကိုင်းဖြာပန်းခိုင်ဖြစ်၍ ခရမ်းရောင်သန်းသည်။ ပန်းခိုင်များသည် မူလပန်းခိုင်၏ တစ်ဖက်တစ်ချက်စီမှ အလှည့်ကျထွက်သည်။ ထပ်ဆင့်ပန်းခိုင်များသည် ပြား၍ တစ်ခုအပေါ်တစ်ခုထပ်နေသည်။ တွားသွားမြေအောက်ပင်စည်အားဖြင့် အဓိကမျိုးပွားပြီး အစေ့အားဖြင့်လည်းမျိုးပွားသည်။